မွန်ပြည်နယ်၊ သထုံမြို့နယ် ဒုံဂန်းကျေးရွာနေ မြေမဲ့ယာမဲ့ များဖြစ်နေသည့် ဒုံဂန်း၊ ကမာစိုင်၊ ရေဝေး၊ ဇရပ်ကျွန်း၊ ကွက်သစ် တို့ရှိ မိသားစုပေါင်း (၆၅၇) တို့သည် ပြည်သူပိုင်မြေစားကျက်မြေဟု သိနားလည်ထားသော ကွင်းအမှတ်-၄၂၄၊ ဧက (၃၄၇)အား မိုးမကျမီ ပြင်ဆင်ဆောင်လုပ်နေထိုင်နိုင်ရေးအတွက် မြေမဲ့ယာမဲ့ မိသားစုပေါင်းတို့၏ မှီခိုသားသမီးများ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စတို့ အဆင်ပြေပြေ နေထိုင်ဆောင်ရွက်နိုင်ရေးအတွက် ၎င်းမြေအားစီမံနေရာချထားပေးပါရန် အတွက် မွန်ပြည်နယ် သထုံမြို့နယ် သထုံမြို့ မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီဥက္ကဌ၊ နေပြည်တော် ပြည်ထောင်စုအစိုးရ မြေအသုံးချမှုစီမံခန့်ခွဲရေးဆပ်ကော်မတီ ဥက္ကဌ၊ နေပြည်တော် ပြည်ထောင်စု အစိုးရ (ဗဟို) မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီဥက္ကဌ ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်အစိုးရ အဖွဲ့ရုံး မော်လမြိုင်မြို့ မွန်ပြည်နယ်တို့ကို တောင်သူ (၁၀၇)က ၂၀၁၄ခုနှစ် ဧပြီလက တင်ပြတောင်းဆိုထားသည်။